Goddess



# ချိုမြိန်သော ဇနီးဆိုးလေး

အပိုင်း (၆၃)

(စာမြည်း)

# အခန်း ၁
## သွေးသားအရင်းချာ ဟုတ်မဟုတ် စစ်ပြီ

"ရှိတယ်" ခုနစ်စင်ကြယ်က အမြန်ထပြောသည်။

"အစ်မ ဖန်း ... ကျွန်တော် ရှိတယ် ... အစ်မ ဘာကို စစ်ကြည့်ချင်တာလဲ။ ရှေးဟောင်း ပစ္စည်းတွေလား ဒါမှ မဟုတ် ကျောက်မျက် ရတနာတွေလား။ ဒီနယ်ပယ်မှာ တော့ ကျွန်တော် နည်းနည်းကျွမ်းတယ် ဟဲဟဲ"

ကြယ်ခုနစ်သည် ပင် ရှားတောင့်ရှားခဲ ငြင်းမလာပေ။

ခုနစ်စင်ကြယ်သည် ဒီနယ်ပယ်တွင် ဗဟု သုတ နှံ့စပ်ရုံသာမက ဘာသာစကားပေါင်း များ စွာကိုလည်း ကျွမ်းကျွမ်းကျင်ကျင် ပြောတတ်သေးပေသည်။

ဟိုအရင်က ဖိန့်ဖိန့်တုန်ဂိုဏ်းသည် တိုင်းတပါးက ဂိုဏ်းများ နှင့် စေ့စပ်ဆွေးနွေးမှု ပြုရတိုင်း ခုနစ်စင်ကြယ်သည် ဘာသာပြန်အဖြစ် ဝင်ပါပေးရစမြဲသာ။

"ဒါဆို ... သွေးသားအရင်းချာ ဟုတ်မဟုတ် စစ်တာကရော" ရီဝမ်ဝမ် မေးလိုက်၏။

"ဟုတ် ... ကျွန်တော်ကိုယ်တိုင် စစ်ပေးတတ်တယ် ။

အစ်မ ဖန်း ထုတ်လိုက် ၊ ကျွန်တော် ကြည့်ကြည့်ပေးမယ်။ ဒီခေတ်မှာ အတုအယောင်တွေကလည်း ခပ်ပေါပေါရယ်" ခုနစ်စင်ကြယ်က သူမကို လှေ့လာ အကဲခတ်နေသည် ။

"ငါ ပြောနေတာက သွေးသာအရင်းချာ ဟုတ်မဟုတ် စစ်တာကို ပြောနေတာနော် ... မင်းက မင်းအဖေရဲ့ သား ဟုတ်မဟုတ်ကို စစ်တာ လိုမျိုး ... အဲဒီလိုစစ်တာကို ပြောတာ"

ရီဝမ်ဝမ် သက်ပြင်းချလိုက်မိ၏ ။

ခုနစ်စင်ကြယ်မှာ တောင့်တင်းသွားပြီး သူမကို မယုံကြည်နိုင်စွာ ေးကြည့်လာသည် ။

"ကျွန်တော်က ကျွန်တော့်အဖေရဲ့ သား မဟုတ်ဘူး လား။ ဘာလို့ လဲ ။ ကျွန်တော်က ကျွန်တော့် အဖေရဲ့ သား မဟုတ်ရင် ကျွန်တော်က ဘယ်သူ့သားလဲ။ မဟုတ်မှ လွဲရော ကျွန်တော့်အမေက ကျွန်တော့်ကို မပြောဘဲ လျှို့ထားတာလား"

ရီဝမ်ဝမ် ထိုခုနစ်စင်ကြယ်ကြောင့် တုန်တက်သွားရ၏ ။

ဒီကောင်တော့ ... တုံးချင်ယောင် ဆောင်နေတာပဲလား ၊ တကယ်ကြီး တုံးနေတာပဲလား ... ။

တကယ်ပဲ ခုနစ်စင်ကြယ်က ဘယ်သူနဲ့ များ သွားတူနေတာလဲ၊ အမည်မရှိသောနန်နဲ့ တူတယ်လို့ ပြောပြန်ရင်လည်း အမည်မရှိသောနန်ကို စော်ကားရာက ကျဦးမယ် ...

အမည်မရှိသောနန်က ကျန်တဲ့ နေရာသာ တုံးချင်တုံးမယ် ၊ ငွေရှာဖို့ ဆို နည်းလမ်းပေါင်း သောင်းခြောက်ထောင် ထွက်လာနိုင်တဲ့ လူစားမျိုး။

ခုနစ်စင်ကြယ်ကျတော့ ...

"အစ်မ ဖန်း က သားအမိအရင်း သားအဖအရင်း ဟုတ်မဟုတ်ကို စစ်ကြည့်တဲ့ ဒီအန်အေ အကြောင်းကို ပြောနေတာ"

ကြယ်ခုနစ်က ခုနစ်စင်ကြယ်အား ဝင်ရှင်းလိုက်ရ၏ ။

"အာ ... အဲဒါကို ပြောတာလား ... လန့်လို့ သေတော့မလို့ ... ဒီအန်အေ စစ်တာကိုတော့ မသိဘူးလေ"

ခုနစ်စင်ကြယ်က ခေါင်းခါပြလာသည် ။

"ဒါပေမဲ့ ပထမ အကြီးအကဲကတော့ သိတယ်"

"ကောင်းတယ် ... ဒါဆို ပထမ အကြီးအကဲကို ဒီလွှတ်လိုက်"

ရီဝမ်ဝမ် လက်ဝှေ့ယမ်းကာ သူတို့ ကို မောင်းထုတ် လိုက်တော့သည် ။

တခဏအကြာတွင် အနီရောင်ဝတ်စုံကို ဝတ်ဆင်ထားသော ပထမ အကြီးအကဲသည် တံခါးကို လာခေါက်ပြီး ...

ရီဝမ်ဝမ် ဝင်ခိုင်းတော့မှ အထဲသို့ ဝင် လာလေသည် ။

"ကျွန်တော့်ကို ရှာနေတယ်ဆိုလို့ ဂိုဏ်းချုပ်"

ပထမအကြီးအကဲသည် ခုနစ်စင်ကြယ်ထံကနေ အကြမ်းဖျင်းတော့ သိထားခဲ့ပြီးသားသာ။

"အင်း" ရီဝမ်ဝမ် ခေါင်းညိတ် ပြလိုက်သည် ။

"ပထမ အကြီးအကဲမှာ သားအမိဟုတ်မဟုတ် စစ်ဖူးတဲ့ အတွေ့အကြုံ ရှိလား"

ပထမအကြီးအကဲ စိတ်ရှုပ်သွား၏။

သားအမိဟုတ်မဟုတ် စစ်တာလား ...

ဂိုဏ်းချုပ်က ဘာလို့ မေးလာတာပါလိမ့် ...။

"နည်းနည်းတော့ သိပါတယ်။ အရမ်းကြီးတော့ မကျွမ်းပေမယ့် နားလည်သလောက်တော့ ရှိပါတယ်"

ပထမအကြီးအကဲက ပြန်ဖြေသည်။

"နားလည်ရင်ကို ရပြီ။ ဘာတွေ လိုအပ်မလဲ" ရီဝမ်ဝမ် ပျော်ရွှင်ကြည်နူးမိသွား၏။

နောက်ဆုံးတော့ စိတ်ချလို့ ရမယ့်သူ ရှိ လာပြီဟ။ ဖိန့်ဖိန့်တုန်ဂိုဏ်းရဲ့ ပထမ အကြီးအကဲကတော့ တကယ့်ကို ဖိန့်ဖိန့်တုန်ရဲ့ အကြီးအကဲ ပီသပါရဲ့။

"ပန်းကန်လုံး တစ်လုံးရှိရင် ရပါပြီ။ သွေးစက် ချကြည့်လိုက်ရုံပဲ ရိုးရိုးလေးပါ" ပထမ အကြီးအကဲက ပြန်ဖြေလာ၏။ ရီဝမ်ဝမ်၏ အပြုံးမှာ လည်း ချက်ချင်း ရပ်သွားရတော့၏။

"ထားလိုက်ပါတော့၊ ရှင် သွားလို့ ရပြီ"

ရီဝမ်ဝမ် ပြောလိုက်၏။

သောက်ကျိုးနည်း ... ဘယ်နှစ်ရာစုကို ရောက်နေပြီလဲ။ သွေးစက်ချပြီး စစ်ကြည့်တယ်လား ...။

သူ့ မှာ သိပ္ပံအသိပညာတွေ တစ်ခုတောင် မရှိနေဘူးလား။ အခုထိ ရှေးခေတ်ထဲမှာ ပဲ နေနေတုန်းလား။

"ဟားဟား ... စိတ်မဆိုးလိုက်ပါနဲ့ ဂိုဏ်းချုပ်ရာ။ ကျွန်တော်က ဒီ

တိုင်း စိတ်ကြည် သွားအောင်လို့ နောက်လိုက်တာပါ။ စက်နည်းနည်းတော့ လိုမယ် ... ဒါပေမဲ့ ဖိန့်ဖိန့်တုန်ဂိုဏ်းရဲ့ လုပ်နည်း လုပ်ဟန်အတိုင်းဆိုရင် နေ့တစ်ဝက်အတွင်း အဲဒါတွေ ရနိုင်တော့ အဖြေကို သိရဖို့ က အလွန်ဆုံး နှစ်ရက်ပဲ"

ပထမ အကြီးအကဲက ရယ်မောကာ ပြောလာ၏ ။

"..." အော် ... စရတာ တော်တော်ကြီး ပျော်နေတယ်ပေါ့လေ။

"ဟုတ်ပြီ ၊ ဒီကိစ္စကို တခြား ဘယ်သူ့ကိုမှ မသိစေနဲ့ ။ ပထမအကြီးအကဲ လုပ်စရာရှိတာတွေ လုပ်ထားတော့။ မြန်လေ ကောင်းလေပဲ" ရီဝမ်ဝမ် အမိန့်ပေးလိုက်၏ ။

"ဂိုဏ်းချုပ် ... ဟို ... တစ်ခုလောက် မေးကြည့်လို့ ရမလား။ ဂိုဏ်းချုပ်က ဂိုဏ်းချုပ်ရဲ့ အမေနဲ့ အဖေကို မိဘရင်းတွေ မဟုတ်လောက်ဘူးလို့ သံသယ ဝင်နေတာလား"

ပထမအကြီးအကဲက သိလိုစိတ်အားကြီးစွာဖြင့် မေးလိုက်၏။ ပထမအကြီးအကဲ၏ စကားတို့ မှာ မှန်ကန်သော်လည်း သူမ၏ မိဘနှစ်ပါးနှင့် ဘာမှ မပတ်သက်နေပါချေ ။

"မလိုတာတွေ မမေးနဲ့ " ရီဝမ်ဝမ် ပြောလိုက်၏ ။